# ၁၉၅၇ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံသားအဖြစ်ရွေးချယ်ရေး (ပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၅၇ ခုနှစ်၊ အက်ဥပဒေအမှတ် ၃၂။]

အောက်ပါအတိုင်း အက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤအက်ဥပဒေကို၊ ၁၉၅၇ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံသားအဖြစ် ရွေးချယ်ရေး (ပြင်ဆင်ချက်) အက်ဥပဒေဟုခေါ်ရမည်။

(၂) ဤအက်ဥပဒေသည်၊ ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံသားအဖြစ် ရွေးချယ်ရေး အက်ဥပဒေ စတင်အာဏာတည်သည့် နေ့ရက်တွင် စတင်အာဏာတည်သည်ဟု မှတ်ယူရမည်။

၂။ ။နောက်တွင် ''အဆိုပါအက်ဥပဒေ''ဟု ရည်ညွှန်းသည့် ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံသားအဖြစ် ရွေးချယ်ရေးအက်ဥပဒေပုဒ်မ ၇ တွင်—

(က) ပုဒ်မခွဲ (၁) အစား၊ အောက်ပါကို၊ ပုဒ်မခွဲ (၁) အဖြစ်ထည့်သွင်းရမည်။

''(၁) လျှောက်ထားသူ၌ လိုအပ်သည့်အရည်အချင်းပြည့်စုံစွာရှိ၊ မရှိကို၊ အရာရှိက သေချာစွာစစ်ဆေးပြီးနောက်၊ မိမိ၏ ထောက်ခံချက်ကို၊ ကြားနာစစ်ဆေးသည့် အမှုတွဲနှင့်တပါတည်း ဝန်ကြီးထံသို့ချက်ခြင်းပေးပို့ရမည်။''

(ခ) ပုဒ်မခွဲ (၂) ကို ပယ်ဖျက်ရမည်။

၃။ ။အဆိုပါ အက်ဥပဒေ၏ ပုဒ်မ ၇-က ကို၊ ပုဒ်မ ၇ ၏ပုဒ်မခွဲ (၂) အဖြစ် ပြန်လည်အမှတ်စဉ်ရမည်။

၄။ ။အဆိုပါ အက်ဥပဒေ၏ ပုဒ်မ ၈ တွင်—

(က) ပုဒ်မခွဲ (၁) နှင့် (၂) အစား၊ အောက်ပါကို၊ ပုဒ်မခွဲ (၁) နှင့် (၂) အဖြစ် ထည့်သွင်းရမည်။

''(၁) ဝန်ကြီးသည်၊ ပုဒ်မ ၇ အရပေးပို့သည့်၊ အရာရှိ၏ထောက်ခံချက်ကို ရရှိသောအခါ၊ အဆိုပါထောက်ခံချက်ကို ကျေနပ်လက်ခံလျှင်၊ သတ်မှတ်ထားသည့် ပုံစံဖြင့် နိုင်ငံသား လက်မှတ်ကိုထုတ်ပေး၍၊ ထောက်ခံသည့်အရာရှိထံသို့ပို့ရမည်။

(၂) ပုဒ်မခွဲ (၁) အရ၊ နိုင်ငံသားလက်မှတ်ထုတ်ပေးခြင်းသည်၊ ဝန်ကြီး၏သဘောအတိုင်း ဖြစ်စေရမည်။ ဝန်ကြီးသည်၊ အကြောင်းပြ၍ဖြစ်စေ၊ အကြောင်းမပြဘဲဖြစ်စေ၊ အများပြည်သူအတွက် ကောင်းကျိုးဖြစ်ထွန်းစေမည်ဟု ထင်မြင်လျှင်၊ နိုင်ငံသားလက်မှတ်ကိုထုတ်ပေးနိုင်သည်။ သို့တည်းမဟုတ် ထုတ်ပေးရန် ငြင်းဆိုနိုင်သည်။''

(ခ) ပုဒ်မခွဲ (၃) ကို ပယ်ဖျက်ရမည်။

(ဂ) လက်ရှိပုဒ်မခွဲ (၄)၊ (၅) နှင့် (၆) တို့ကို၊ ပုဒ်မခွဲ (၃)၊ (၄) နှင့် (၅) အဖြစ် အသီးသီးပြန်လည်အမှတ်စဉ်ရမည်။

အဘိုး—၁၀ ပြား]

ပမပစ၊ — အမှတ် ၉၄၊ တရားရေးဝန်ကြီးဌာန၊ ၅-၃-၅၀—၂,၂၀၀—၂။